မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

Burmese Christian Fellowship

# Newsletter - သတင်းလွှာ

Enjoy free reading from B.C.F __ Volume 13/Issue 12/December / 2020



## Glory to God in the highest





## Peace on Earth
## and
## Goodwill toward men.

Luke 2:14

# VIRTUAL CHURCH SERVICE

## Watch at home!



*BCF online Worship Service is available*
*at bcfla.org*
*Starting at 2:00PM every Sunday.*

*To watch previous Virtual Sunday Service*
*select image gallery tab.*

*BCF Worship Service will only be available online*
*until further notice!!*

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++




***December 4, 2020 .... 2:00 PM, Communion Day Service***
***December 25, 2020 .... 2:00 PM, Christmas Day Service***
***December 31, 2020 .... 11:00 PM, New Year Eve Service***




***ALL HEALTHCARE WORKERS***




***We appreciate and thank you for***
***all your hard works***
***in the time of Corona Virus Pandemic.***




**In Christ,**
**BCF all members**

# လောကီသားတို့ကိုချစ်တော်မူသော ဘုရားသခင်၏သားတော်



လောကီသားတို့ကို ချစ်တော်မူသော ဘုရားသခင်သည်
လူတို့အား သားကို သနားတော်မူ၏။
ထိုသားသည် ကြီးမြတ်သောသူ ..
အမြင့်ဆုံးသောဘုရား၏သားတော်ဖြစ်သူ ..
ဒါဝိဒ်မင်း၏ရာဇပလ္လင်ကိုဆက်ခံစိုးစံရမည့်သူ ..
ယာကုပ်အမျိုးအနွယ်ကိုစဉ်မပြတ်အုပ်စိုးမည့်သူ ..

ထိုသားကို ‘ယေရှု’အမည်ဖြင့် မှည့်ရ၏။
‘ယေရှု’အဓိပ္ပါယ်မှာ–
မေရှိယ .. အပြစ်မှကယ်ချွတ်သူ ၊ ကယ်တင်သောအရှင်၊
ခရစ်တော် .. ထာဝရဘုရားသခင်၏သားတော်၊
မောနွေလ .. ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်၊

ထိုသား၏နာမတော်မူကား ၊
အံ့ဩဖွယ် .. တိုင်ပင်ဘက် ..
တန်ခိုးကြီးသောဘုရားသခင် ..
ထာဝရအဘ .. ငြိမ်သက်ခြင်းအရှင် ၊

ထိုသားသည် .. နိုင်ငံတော်ကိုစိုးစံ၍၊ တရားတော်အတိုင်း ဖြောင့်မတ်စွာစီရင်မည်။
ထိုသားသည် .. အာဏာတော်တိုးတက်၍၊ နိုင်ငံတော်ငြိမ်သက်ခြင်းနိစ္စအမြဲတည်မည်။
လုကာ၁း၃၁–၃၃။ ဟေရှာယ၉း၆–၇။




# ခရစ္စမတ်အကြောင်း သိထားစရာ

သခင်ယေရှုခရစ်တော်၏မွေးနေ့ အတိအကျကို မည်သူမျှ မသိကြချေ။ ရှေးခေတ်ပညာရှိများက သခင်ခရစ်တော်မွေးနေ့သည် နွေရာသီအချိန် ဖြစ်မည်ဟု ထင်မြင်ခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက သခင်ခရစ်တော်မွေးနေ့ကို အချို့က ဇန်နဝါရီလ(၆)ရက်နေ့၊ အချို့က မတ်လ(၂၅)ရက်နှင့် အချို့က ဒီဇင်ဘာ(၂၅)ရက်၌ ကျင်းပပြုလုပ်ကြသည်။

ခရစ်တော်၏မွေးနေ့ပွဲ ကျင်းပပြုလုပ်ခြင်းသည် အေဒီ–၃၃၆ တွင် ဖြစ်ကြောင်း ရှေးကနဦးရောမပြက္ခဒိန်မှ ဖေါ်ထုတ်တွေ့ရှိခဲ့သည်။ ကျင်းပသောနေ့စွဲမှာ ဒီဇင်ဘာ(၂၅)ရက်နေ့ ဖြစ်ကြောင်း ထိုပြက္ခဒိန်မှ ညွှန်ပြခဲ့သည်။ သို့သော်လည်း၊ ခသ–၃၅၄ ခုနှစ်တွင် ရောမသာသနာပိုင်ကြီးများက ဒီဇင်ဘာ (၂၅) ရက်နေ့ကို ပိုပြီး နှစ်သက်လေးစားကြသည် သာမက ရှင်ဘုရင်မင်းမြတ် ကိုယ်တိုင်ထိုနေ့ရက်၌ ဗိမာန်တော်သို့လာရောက်ကာ ခရစ်တော်၏မွေးနေ့ကို ကြိုဆိုဂုဏ်ပြု ဆင်နွှဲခဲ့ပါသည်။ ထိုနောက်ပိုင်း၌ ခရစ်ယာန်အများစုက သဘောတူညီစွာ လက်ခံလျက် နှစ်စဉ် ဒီဇင်ဘာ (၂၅)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ကြသည်။ သို့သော်၊ အရှေ့ပိုင်း Easten Orthodox Church များက ဇန်နဝါရီလ (၆)ရက်နေ့ကို လက်ခံသတ်မှတ်၍ ကျင်းပကြသည်။

သခင်ခရစ်တော်၏မွေးနေ့ကို ပြန်လည်လေ့လာကြည့်လျှင်၊ ခသ–၁၀၃၈ ခုနှစ်မှစတင်ပေါ်ပေါက်လာသည်။ 'ခရစ်တော်၏မွေးနေ့တော်ပွဲ'ကို 'ခရစ္စမတ်/ Christmas' ဟုခေါ်ဆိုရခြင်းသည်လည်း အလယ်ခေတ် အင်္ဂလိပ်စကား 'Christmases' နှင့် ရှေးဟောင်း အင်္ဂလိပ်စကား " Cristes Maesse " ဟူသော ဝေါဟာရမှ ဆင်းသက်လာကြောင်း မှတ်တမ်းတင်ထား၏။ *Cristes* စကားလုံးသည် *Greek* ဘာသာစကား *Christos* ဖြစ်ပြီး၊ *Maesse* သည် *Latin* ဘာသာစကား *missa* ဖြစ်ပါသည်။ " Cristes Maesse " သည် အင်္ဂလိပ်ဘာသာစကားအားဖြင့်'*Mass of Christ'* ဟုအဓိပ္ပါယ်ရသည်။ အများအားဖြင့် ဥရောပတခွင်တွင် Nativity ဟု ခေါ် ကြသည်။ ဂျာမဏီပြည်၌ ဆက်ကပ်ခြင်းနေ့အဖြစ် Die Weihnachten ဟုခေါ်ဆိုကြသည်။ ထို့အပြင်၊ တိုင်းနိုင်ငံများနှင့်ဘာသာစကားအလိုက် Christmas ကို ခေါ်ဝေါ်မှု ကွဲပြားကြသည်။

'ခရစ္စမတ်' ဟူသော ဝေါဟာရကို Christmas အစား X'mas ဟု ဖေါ် ပြရေးသားကြ၏။ ဤသည်မှာ ကနဦးအသင်းတော်များမှ စတင်ခဲ့ခြင်း ဖြစ်၍ ဂရိဘာသာစကား အားဖြင့် 'X'သည် ခရစ်တော်၏ အမည်နာမမှ ပထမဦးဆုံး စကားကို ပုံဆောင်ပါသည်။ ထိုမှတဆင့် 'X'ဟူသောစာလုံးကို သန့်ရှင်းသော အမှတ်အသား Holy Symbol အဖြစ် အသုံးပြုလာကြသည်။

ခရစ်တော်၏မွေးနေ့တော်ပွဲ ခရစ္စမတ်သည် အသင်းတော် ပြုပြင်ပြောင်းလဲသော ကာလ *(Reformation)* ဖြစ်သည့် အေဒီ ၁၅၀၀ ပတ်ဝန်းကျင်တွင် ရေပမ်းစားခဲ့၏။ ထိုအချိန် ကာလတွင် အသင်းတော် ပြုပြင်ပြောင်းလဲမှုကြောင့် ပရိုတက်စတင့် Protestant ဟူ၍ ပေါ်ထွက် လာခဲ့သည်။ ထိုအချိန်ကာလ မတိုင်မီ သက္ကရာဇ် (၁၂၀၀) ပတ်ဝန်းကျင်တွင် စိန့်နီကိုလပ်စ် St. Nicholas က လက်ဆောင်များကို ဝေငှပေးကမ်းသည့် အလေ့အထ ရှိခဲ့သည်။ သက္ကရာဇ် (၁၄၀၀–၁၅၀၀) များအတွင်းတွင် အနုပညာရှင်များက ဖွားမြင်တော်မူခြင်း နိပါတ်တော် Nativity ကို သရုပ်ဖေါ်ရေးဆွဲလာခဲ့ကြသည်။ အသင်းတော်ပြုပြင်ပြောင်းလဲခြင်းကာလအတွင်း၌ မွေးနေ့တော်ပွဲနှင့် ပတ်သက်၍ ဘာသာရေးမဆန်သော ထုံးတမ်းဓလေ့များ ပါဝင်နေသောကြောင့် အချို့သော ခရစ်ယာန်များက တွေးတောကာ သုံးသပ်ဆင်ခြင် လာကြသည်။ သို့သော်၊ သက္ကရာဇ် (၁၆၀၀) ခုနှစ်အထိ မေတ္တာလက်ဆောင်များ ဝေငှလဲလှယ်ခြင်းကို ဆက်လက်၍ လုပ်ဆောင်ခဲ့ကြသည်။

သက္ကရာဇ် (၁၈၀၀) နှစ်များ အတွင်းတွင် ခရစ္စမတ်ထုံးစံ (၂)ခု တိုးပွားလုပ်ဆောင်လာခဲ့ကြပြီး ပို၍ရေပမ်းစားလာပါသည်။ ၎င်းတို့မှာ ခရစ္စမတ်သစ်ပင် Christmas tree အလှဆင်ခြင်းနှင့် မိတ်ဆွေသင်္ဂဟများထံ ခရစ္စမတ်သဝဏ်လွှာကပ်ပြားများ Christmas Cards ပေးပို့ခြင်းတို့ဖြစ်၏။ Christmas အချိန်၌ Carol သီချင်းများကို နေအိမ်များသို့ လှည့်လည်ကာ မြူးတူးသီဆိုကြသည်။ Christmas Candle များကိုလည်း ထွန်း၍ အလှဆင်ကြသည်။ ခရစ္စမတ်လက်ဆောင်များကိုလည်း စိန့်နီကိုလပ်စ် St. Nicholas အစား စင်တာကလော့စ် Santaclous က လိုက်လံဝေငှသော ဓလေ့ထုံးစံဖြစ်ပေါ်လာ၏။

သက္ကရာဇ် (၁၉၀၀) နှစ်များမှာ ခရစ္စမတ်ပွဲတော် ကျင်းပခြင်းများသည် တိုးတက်အရေးပါလာပြီး အလုပ်သဘောနှင့် စီးပွါးရေးဆန်လာကြောင်း တွေ့ရ၏။ ယနေ့ခေတ်ကာလတွင်မူကားကုမ္ပဏီကြီးအများက ခရစ္စမတ်အဆောင်အယောင်များ၊ မီးရောင်စုံများနှင့်အလှဆင်ပစ္စည်းအမျိုးမျိုးကို တွင်ကျယ်စွာ ထုတ်လုပ်ကြသည်။ ထို့ပြင်၊ ခရစ္စမတ်သစ်ပင်များ၊ ပန်းပင်များကို စီးပွါးဖြစ်စိုက်ပျိုး၍ ထုတ်လုပ်ရောင်းချ လာကြသည်။ ဤအရာများ အားဖြင့် မေရှိယခရစ်တော် လူ့လောကမှာလူသားအဖြစ် ဖွားမြင်ခဲ့ကြောင်းသိမှတ်၍ မွေးနေ့ပွဲတော်ကို လှပစွာ ကြိုဆိုခြင်း ဖြစ်သည်။

ခရစ္စမတ်ပွဲတော်ကိုကျင်းပရခြင်းမှာ ဘုရားသခင်သည် လူသားများအတွက် ကယ်တင်ခြင်းကို ပြန်လည်သတိရ အောက်မေ့ဖို့ရန် ဖြစ်သည်။ ဘုရားသခင်၏ အကြံအစည်တော်အားလူအပေါင်းတို့ နားလည်ဖို့ရန်အတွက် ကြီးမြတ်သောဘုန်းတော်ကို စွန့်လျက် လူ့ဇာတိကို ခံယူလိုက်ခြင်းဖြစ်၍ လူနှင့်တသွေးတသားတည်း ဖြစ်ကြောင်းကို ဖေါ်ပြသည်။ လူ့ဇာတိခံယူခြင်းသည် ဘုရားသခင်အား လူ၏ပုံသဏ္ဍာန်ကဲ့သို့ခံယူလျက် သခင်ခရစ်တော်တည်းဟူသော လူသားတစ်ဦးအနေဖြင့် မွေးဖွားလာရခြင်းဖြစ်သည်။

သခင်ခရစ်တော်သည် လူသားအားလုံးအတွက် ကယ်တင်ခြင်းကိုပေးရန် အပျိုကညာမာရိ၏ဝမ်းတွင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသွေးအသားအဖြစ် လူသားတစ်ဦးအသွင်မွေးဖွားလာသည်။ သူသည် ကောင်းကင်ဘုံနှင့် ဤကမ္ဘာမြေပေါ်ရှိ လူ့လောကကြီးကို သဟဇာတဖြစ်စေဖို့ရန် ယေရှုခရစ်တော် မွေးဖွားလာရခြင်း ဖြစ်၏။

ထို့ကြောင့် သမ္မာကျမ်းစာ၌ အဓိကအချက်ဖြစ်သော ယော၃း၁၆ တွင် ဖေါ်ပြထားသည့် အဘဘုရားသခင်၏ လူသားများအပေါ်ထားရှိသော အနန္တမဟာမေတ္တာတော်ကို ပေါ်လွင်စေခဲ့၏။ ဘုရားသခင်၏သဘောသဘာဝနှင့် လူတို့၏ပြုမူဆောင်ရွက်မှုကြောင့် ပျက်စီးရာလမ်းမှာ မဆုံးရှုံးရအောင် ထာဝရအသက်ကို ရယူနိုင်စေဖို့ရန် ကွာဟနေသောအရာ(၂)ခုကို ပေါင်းကူးတံတားကဲ့သို့ ဆက်သွယ်ကာ လမ်းဖွင့်ပေးခြင်းလည်း ဖြစ်ကြောင်း တင်ပြပါ၏။

***Merry Christmas to you all***




# ပေးရမယ့်လက်ဆောင်

သမီး။ ။ မေမေ .. ဒီနှစ် ခရစ္စမတ်ကတော့ Pandemic ကြောင့် ဘုရားရှိခိုးကျောင်းလဲ မသွားရ၊ ခရစ်စမတ်လက်ဆောင်တွေလဲ မရတော့ဘူးပေါ့နော်။

မေမေ။ ။ အော်! ဟုတ်သားဘဲ ခရစ္စမတ်တောင် ရောက်လာတော့မယ်။ တနှစ်ပတ်လုံး Covid -19 ကပ်ရောဂါကြောင့် ရလာတဲ့ စိုးရိမ်ရမှုတွေ၊ ဝမ်းနဲကြေကွဲ ရမှုတွေ စိတ်ဓါတ်ကျရမှုတွေနဲ့ ရုန်းကန်ခဲ့ရတာ တစ်နှစ်တောင် ရှိတော့မယ်။ TV သတင်းတွေကလဲ နေ့စဉ်နဲ့အမျှ Covid ကူးစက်မှု သတင်းတွေ ပြနေတော့ စိုးရိမ်ကြောင့်ကြမှုတွေနဲ့ အတူ လွတ်လပ်စွာ သွားလာခွင့် ဘုရားရှိခိုးခွင့်၊ Gathering လုပ်ခွင့် မရတော့တာ၊ ရောဂါမကူးစက်လာဖို့ သတိနဲ့ နေထိုင်ရတာ တစ်နှစ်တောင် ရှိတော့မယ်လေ။

ဒီဆိုးဝါးတဲ့ အခြေအနေကြား၊ သတင်းတွေကြားမှာ ကျွန်မတို့ အားလုံးကို ချစ်တဲ့ အဖဘုရားက လမ်းပြပို့ဆောင်ပေးလို့ မကြာခင်က ခရစ်တော် ဖွားမြင်တဲ့ အချိန်ခါ သမယကို ကြိုဆိုရတော့မယ်။ ကျွန်မတို့ လောကလူသားတွေရဲ့အပြစ်မှ ကယ်တင်ဖို့ ဘုရားသခင်ကတစ်ပါးတည်းသော သားတော်ကို ဤလောကသို့ စေလွှတ်ခဲ့တဲ့ "တန်ဖိုးမဖြတ်နိုင်တဲ့လက်ဆောင်" ပေးခဲ့တာကို ပြန်အောက်မေ့မိပါတယ်။

မွေးနေ့တော် အချိန်အခါ သမယကို ယခင်နှစ်တွေလို မွေးနေ့တော်အကြိုသီချင်းတွေကို အသင်းတော် မိသားစု အိမ်တွေဆီ သွားရောက် မဆိုနိုင် Church Cantata ကို Choir အဖွဲ့နဲ့ ဂုဏ်တော်မချီးမွမ်းနိုင်၊ သမီးလေး ပြောသလို တစ်ယောက်နဲ့တစ်ယောက် ခရစ္စမတ်လက်ဆောင်တွေ အပြန်အလှန် မပေးနိုင်ကြပေမယ့် နီးနီးဝေးဝေးမှာရှိတဲ့ ကျွန်မတို့ချစ်တဲ့သူအယောက်စီတိုင်း "ပေးနိုင်တဲ့လက်ဆောင်".. "ပေးရမဲ့လက်ဆောင်" ရှိပါတယ်။ အဲဒီလက်ဆောင်က အသက်ကြီးသူ အဖိုးအဖွားမိဘတွေ အတွက်သာမက ကိုယ်နဲ့ရွယ်တူ သူငယ်ချင်းတွေ အပြင် ကိုယ့်ရဲ့သား၊ သမီးအရွယ် လူငယ်လူရွယ် ကလေးများနဲ့ အမိဝမ်းထဲမှာရှိတဲ့ သန္ဓေသားငယ်လေးတွေကိုပါ ပေးနိုင်တဲ့ လက်ဆောင်ပါ။ အဲဒီလက်ဆောင်လေးကို အချင်းချင်း Gift exchange အဖြစ်နဲ့ ပေးကြဖို့ ဘုရားသခင်ကများ ဒီ Pandemic ကတဆင့် ပြင်ဆင်ပေးခဲ့တာလားလို့ ဆင်ခြင်မိပါရဲ့။

အဲဒီ လက်ဆောင်ကတော့ "ဆုတောင်းပေးခြင်း" ပါပဲ။ လူတိုင်းရဲ့နေ့စဉ်နဲ့အမျှ လိုအပ်ချက်တွေ ဖြည့်ဆီးပေးနိုင်ဖို့၊ လုပ်ငန်းခွင် အဆင်ပြေအောင်ဖို့၊ စားဝတ်နေရေးပြေလည်ဖို့အတွက် ကျွန်မတို့တွေ အဖိုးအခ ပေးစရာမလိုပဲ အိမ်ကနေ ပေးနိုင်တဲ့ ---

"အချင်းချင်း ဆုတောင်းပေးခြင်း မေတ္တာလက်ဆောင် " ကို ပေးကြပါစို့လား။ ။



*You're in my prayers.*



# မုန့်အားဖြင့် မဟုတ် နှုတ်ကပတ်တော်အားဖြင့် အသက်ရှင်ခြင်း



ယေရှုကလည်း၊

"လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရမည် မဟုတ်။
ဘုရားသခင် မိန့်တော်မူသမျှ အားဖြင့် အသက်ကို မွေးရမည်
ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။" (မဿဲ၊ ၄း၄)

လူက မုန့်အားဖြင့် အသက်ရှင်တာ မဟုတ်ပါဘူး။

ဘုရားသခင်ရဲ့ နှုတ်တော်က ပြောတဲ့ နှုတ်ကပတ်တော် အားဖြင့် အသက်ရှင်ရမှာ ဖြစ်ပါတယ်။ ကျနော်တို့က ထမင်းစားပြီးမှ အသက်ရှင်ခဲ့တဲ့သူ ဖြစ်ပါတယ်။ ဇာတိစိတ်သဘောတွေနဲ့ ကိုယ့်အကြံအစည်၊ ကိုယ့်ရဲ့စိတ်၊ ကိုယ့်ရဲ့ညာဏ်ပညာကို ယုံကြည်ပြီးတော့၊ အခြေအနေကလာတဲ့ အသံကိုပဲ နားထောင်ပြီး အသက်ရှင်ခဲ့ပါတယ်။

အသင်းတော်မှ သင်ယူခဲ့တဲ့အရာ တစ်ခုက လူဆိုတာ ထမင်းစားပြီးမှပဲ အသက်ရှင်ခဲ့တဲ့အရာမဟုတ်ပဲ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် အားဖြင့် အသက်ရှင်တဲ့အရာ ရှိပါသလား ဆိုတဲ့အရာ ဖြစ်ပါတယ်။ ဒီနှုတ်ကပတ်တော်ကို ယုံကြည်ပြီး အသက်ရှင်ဘို့ သင်ယူခဲ့ ပါတယ်။

မိတ်ဆွေတို့ကျမ်းစာဖတ်တဲ့အရာက အရမ်းအရေးကြီးပါတယ်။ နှုတ်ကပတ်တော်ကို အများကြီးဖတ်ထားပြီး အများကြီးသိထားဘို့ အရေးကြီးပါတယ်။ ဒါတွေထက် ပိုပြီး အရေးကြီးတဲ့အရာ ရှိပါတယ်။ နှုတ်ကပတ်တော် တစ်ခုလေးပဲ ဖြစ်ဖြစ် ကျနော်တို့ စိတ်နှလုံးသား ထဲမှာ သိမ်းထားတဲ့အရာ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကို နှလုံးသားထဲမှာ သိမ်းထားမယ် ဆိုရင် အဲဒီ နှုတ်ကပတ်တော်က ကျနော်တို့ စိတ်နှလုံးထဲမှာ များစွာ အလုပ်လုပ်ပေးမှာ ဖြစ်ပါတယ်။

မိတ်ဆွေတို့ ဘုရားသခင်ဆီကလာတဲ့ နှုတ်ကပတ်တော်က ဒီအတိုင်း စကားသက်သက် မဟုတ်ပါဘူး။ ဒါကြောင့် မိတ်ဆွေတို့ နှလုံးသားထဲမှာ ဘုရားနှုတ်တော်ထွက်စကား ဖြစ်တယ်လို့ ယုံကြည်လက်ခံမယ်ဆိုရင် မိတ်ဆွေတို့က အံ့သြစရာကောင်းတဲ့လူ အဖြစ် ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။

မိတ်ဆွေ တို့ နှလုံးသားထဲမှာ နှုတ်ကပတ်ရောက်လာပြီးတော့ မိတ်ဆွေတို့ကို အားရပါးရဆွဲခေါ်သွားမှာဖြစ်ပါတယ်။ (ရှင်မဿဲရစ်ဝင်၊ ၂း၆) ထဲမှာ ဗက်လင်မြို့အကြောင်း တွေ့ရပါတယ်။ ဗက်လင်မြို့က အရမ်းသေးငယ်တဲ့မြို့ ဖြစ်ပါတယ်။ ဗက်လင်မြို့ကို ဘုရားသခင်က "အို ယုဒပြည် ဗက်လင်မြို့၊ ယုဒမြို့တို့တွင် သင်သည် မြို့ငယ်၊ မြို့ယုတ်မဟုတ်။ .. အကြောင်းမူကား၊ ငါ၏လူစု

ဣသရေလအမျိုးကို အုပ်စိုးရသောသခင်သည် သင်၏အထဲမှာပေါ်ထွန်းလတံ့ဟုကျမ်းလာရှိပါ၏။” လို့ပြောပါတယ်။ လူတွေကြည့်မယ် ဆိုရင် အရမ်းသေးငယ်တဲ့မြို့ ဖြစ်ပါတယ်။ ဘုရားသခင် ကြည့်မယ်ဆိုရင်တော့ အရမ်းကြီးမားတဲ့မြို့ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုရင် ဘုရင်တကာတို့ရဲ့ဘုရင် “ယေရှုခရစ်တော်” မွေးဖွားတဲ့ အတွက်ကြောင့်ပါ။

မိတ်ဆွေတို့က ကိုယ့်ကိုယ်ကို သေးငယ်တဲ့သူ အဖြစ် မြင်နိုင်ပါတယ်။

ဒါပေမဲ့ ဘုရားသခင်က မိတ်ဆွေတို့ကို သေးငယ်တဲ့သူလို့ မမြင်ပါဘူး။ ကြီးမားတဲ့သူ၊ အဘိုးထိုက်တန်သောသူ၊ မြတ်နိုးသောသူ၊ အဖြစ် မြင်တာ ဖြစ်ပါတယ်။

မိတ်ဆွေတို့က ကယ်တင်ခြင်း ရပြီးပြီ ဆိုရင် ဘုရင်တကာတို့ရဲ့ဘုရင် ဖြစ်တဲ့ ယေရှုခရစ်တော်က မိတ်ဆွေတို့အထဲမှာ ရှိနေတဲ့အတွက်ကြောင့် တခြားသူတွေက မိတ်ဆွေတို့ကို ကြည့်တဲ့အခါ ဘာအစွမ်းမှ မရှိတဲ့လူ၊ ဘာမှ သင်ယူတားတာ မရှိတဲ့ လူလို့ ပြောနေပေမဲ့လည်း၊ ဘုရားသခင်က မိတ်ဆွေတို့ကို “ယုဒပြည် ဗက်လင်မြို့၊ သင်သည် သေးငယ်သောမြို့ မဟုတ် ” လို့ပြောသလိုပဲ ဗက်လင်မြို့နေရာမှာ ကိုယ့်နာမည်ထည့် ပြီး ပြောကြည့်ပါ။

မိတ်ဆွေတို့က သေးငယ်တဲ့သူ မဟုတ်ပါဘူး။ ကြီးမားတဲ့အသင်းတော် အဖြစ်နဲ့ လူတိုင်းအယောက်စီတိုင်းကို ဘုရားသခင်က ပြောတာ ဖြစ်ပါတယ်။ ယေရှုခရစ်တော်ရှိတဲ့အတွက်ကြောင့် ကိုယ့်အကြံအစည်ထဲမှာ မနေပဲ၊ နှုတ်ကပတ်တော်ကို ယုံကြည်ရမှာဖြစ်ပါတယ်။ နှုတ်ကပတ်တော်က မိတ်ဆွေတို့ နှလုံးသားထဲကို ဝင်လာမယ် ဆိုရင် အံ့သြစရာကောင်းအောင် ဘုရားသခင်က မိတ်ဆွေတို့ကို ပြုပြင်မှာ ဖြစ်ပါတယ်။

ဘုရားသခင်က မိတ်ဆွေတို့တစ်ယောက်စီတိုင်းရဲ့အသက်တာမှာလည်းအလုပ်လုပ်မယ်လို့ယုံကြည်ပါတယ်။

*God Says: You will be my people and I will be your God.*
*I will always love you … You are precious to me …*
*Once again you will dance for joy. Jeremiah 31:3-4*



# Let Every Day Be Christmas

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

by Norman Wesley Brooks, 1976

Christmas is forever, not for just one day,
for loving, sharing, giving, are not to put away
like bells and lights and tinsel, in some box upon a shelf.
The good you do for others is good you do yourself.

Peace on Earth, good will to men,
kind thoughts and words of cheer,
are things we should use often
and not just once a year.

Remember too the Christ-child, grew up to be a man;
to hide him in a cradle, is not our dear Lord's plan.
So keep the Christmas spirit, share it with others far and near,
from week to week and month to month, throughout the entire year!
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~